Mr. Diijon DaCosta, Sr.၊ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ
Mrs. Deirdre P. Pierce, ဒု ဥက္ကဋ္ဌ
Mrs. Anna Hill
Mrs. Whitney McGinniss
Ms. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

DeKalb County School District

Dr. Devon Q. Horton, *ကြီးကြပ်သူဌာနမှူး*

**လက်တလော သတင်းထုတ်ပြန်ချက်**

နိုဝင်ဘာလ 14 ရက်၊ 2024

**ဆက်သွယ်ရန် -**
Donald Porter, *Ed.D.* 678-481-4110
Carla Parker 404-734-1717

## ကော်မရှင်အဖွဲ့ဝင် Spears သည် DeKalb ကျောင်းသားများ၏ သိပ္ပံ လေ့လာရေးခရီးစဉ်များအား ပံ့ပိုးရန်အတွက် $50,000 လှူဒါန်းခဲ့

(STONE MOUNTAIN, GA)— DeKalb ကောင်တီ၏ ကော်မရှင်အဖွဲ့ဝင် Michelle Long Spears သည် DeKalb Schools Educational Foundation, Inc. အဖွဲ့အစည်းသို့ $50,000 လှူဒါန်းခြင်းအားဖြင့် ဒေသခံကျောင်းသားများ၏ အနာဂါတ်အတွက် သိသာထင်ရှားသော ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ပြုလုပ်ပေးခဲ့သည်။ ဤတန်ဖိုးကြီးလှသော လက်ဆောင်သည် ခရိုင် 2 အတွင်းရှိ စာသင်ကျောင်းများ၏ သိပ္ပံ လေ့လာရေးခရီးစဉ်များအတွက် ရန်ပုံငွေထောက်ပံ့ပေးမည် ဖြစ်ပြီး၊ ဉာဏ်ပညာဖွံ့ ဖြိုးကြွယ်ဝစေမည့် စာသင်ခန်းပြင်ပ လက်တွေ့ သင်ယူလေ့လာမှုအတွင်း ပါဝင်ရန် ငွေကြေးမတတ်စွမ်းနိုင်သော ကျောင်းသားများအတွက် ပါဝင်ဆောင်ရွက်ခွင့်များ ရရှိစေမည် ဖြစ်သည်။

"ကျောင်းသားတွေဟာ စာသင်ခန်းကနေ ထွက်ခွာပြီး၊ လက်တွေ့ကမ္ဘာထဲ ဝင်ရောက်ကြည့်မှသာ ဒီမယုံနိုင်လောက်အောင် အံ့သြဖို့ကောင်းတဲ့ သိပ္ပံဘာသာရပ်ရဲ့ ဆန်းကြယ်မှုတွေဟာ အမှန်တကယ် သက်ဝင်လာမှာ ဖြစ်ပါတယ်၊" ဟု ကော်မရှင်အဖွဲ့ဝင် Michelle Long Spears မှ ပြောကြားခဲ့သည်။ "ဒီလိုလေ့လာရေးခရီးစဉ်တွေကို ပံ့ပိုးထောက်ပံ့ပေးခြင်းဟာဆိုရင် ကျွန်ုပ်တို့အနေနဲ့ အသုံးစရိတ်တွေအတွက် ကာမိစေရုံသပ်သပ်မဟုတ်ဘဲ စိတ်ကူးစိတ်သန်းတွေနဲ့ မြောက်များစွာသော ဖြစ်နိုင်ခြေတွေအတွက် တံခါးပေါက်အသစ်တွေကို ဖွင့်လှစ်ပေးခြင်းလည်း ဖြစ်ပါတယ်။ ကလေးတိုင်းဟာ သူတို့ရဲ့ စီးပွားရေးအခြေအနေ ဘယ်လိုပဲဖြစ်နေပါစေ စူးစမ်းလေ့လာခွင့်၊ လေ့လာဖော်ထုတ်ခွင့်၊ ဒါ့အပြင် ၎င်းတို့ပတ်ဝန်းကျင် ကမ္ဘာကြီးကနေ စိတ်ကူးဉာဏ်ကွန့်မြူးမှုတွေ ရရှိပိုင်ခွင့် အပြည့်အဝ ရှိသင့်ပါတယ်။"

အသိအမှတ်ပြုခံထားရသော စာသင်ကျောင်းနှင့် ပညာရေး အစီအစဉ် 32 ခု ရှိထားပြီး၊ STE(A)M ပညာရေး ခေါင်းဆောင်တစ်ဦးလည်း ဖြစ်သည့် DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) သည် သိပ္ပံပညာရပ် စိတ်ပါဝင်စားမှုများနှင့် ဝန်ဆောင်ထောက်ပံ့မှုများတို့တွင် ပထမနေရာတစ်ခု ရရှိနိုင်ဖို့ရာ ၎င်း၏ နယ်ပယ်ပမာဏအား အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက် ရှိသည်။ ဥပမာဆိုရလျှင် မူလတန်းနှင့် အလယ်တန်း စာသင်ကျောင်းများသည် Skidaway ကျွန်း၊ Tybee ကျွန်း နှင့် Jekyll ကျွန်း အစရှိသည်ကဲ့သို့သော နေရာများ၌ ရေကြောင်းသိပ္ပံနှင့် ကမ်းရိုးတန်း ဂေဟစနစ်များအကြောင်း ကျောင်းသားများ လေ့လာနိုင်စေဖို့ရာ Georgia ကမ်းရိုးတန်းသို့ နှစ်စဉ် လေ့လာရေးခရီးစဉ်များအား စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဤစိတ်ဝင်စားဖွယ်သော အတွေ့အကြုံများသည် စာသင်ခန်း သင်ယူလေ့လာမှုအတွက် အားသစ်လောင်း၊ အင်အားဖြည့်ပေးနိုင်သည်သာမက သိပ္ပံဘာသာရပ်နှင့်ပတ်သက်၍ တစ်သက်တာ စိတ်ပါဝင်စား၊ စိတ်အားထက်သန်မှုကိုလည်း ပေါက်ဖွားလာစေတတ်ပေသည်။

သို့သော်လည်း တစ်ဖက်တွင်မူ ဤခရီးစဉ်များသည် ပို့ဆောင်ဆက်သွယ်ရေး၊ နေရာထိုင်ခင်းနှင့် အစားအသောက်စရိတ်များ အပါအဝင် ကလေးတစ်ဦးလျှင် ပျမ်းမျှ $500 ခန့် ကျသင့်သည်ဖြစ်ရာ ဝင်ငွေနည်း မိသားစုများအတွက်၊ အထူးသဖြင့် COVID-19 ကပ်ရောဂါကြောင့် အချိုးမညီမျှစွာ သက်ရောက်ခံစားရသည့် မိသားစုများအတွက်မူ သိသိသာသာ အခက်အခဲ၊ အတားအဆီးတစ်ခု ဖြစ်လေသည်။

"DeKalb Schools Educational Foundation, Inc. အဖွဲ့အစည်းအနေနဲ့ ကော်မရှင်အဖွဲ့ဝင် Michelle Long Spears နဲ့အတူ ဒီပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး တကယ်ကို စိတ်လှုပ်ရှား ရင်ခုန်မိပါတယ်၊" ဟု ဖောင်ဒေးရှင်းအဖွဲ့၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ Thurman Green, III မှ ပြောကြားခဲ့သည်။ "ဒီလှူဒါန်းမှုဟာဆိုရင် ငွေကြေး ပံ့ပိုးထောက်ပံ့မှုတစ်ခုဆိုတာထက်ကို ပိုပါတယ်။ ဒီအရာဟာဆိုရင် တမူထူးခြားတဲ့ သင်ယူလေ့လာမှုအခွင့်အရေးတွေကို လက်လွှတ်လိုက်ရနိုင်တဲ့ ကျောင်းသား တော်တော်များများအတွက် အရေးကြီးတဲ့ အသက်လမ်းကြောင်း ချိတ်ဆက်မှုတစ်ခုပဲ ဖြစ်ပါတယ်။ ငွေကြေး အခက်အခဲ၊ အတားအဆီးတွေကို ချိုးဖျက်၊ လမ်းဖွင့်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့ဟာဆိုရင် ကျောင်းသားတွေ သူတို့ အရည်အချင်းရှိသမျှ အကောင်းဆုံး ပြည့်မီရောက်ရှိစေဖို့ အားသစ်လောင်းခွန်အားပေးနိုင်မှာဖြစ်တဲ့အပြင် ကျွန်ုပ်တို့ စိတ်ကူးပုံဖော်ရုံလောက်သာ တတ်စွမ်းနိုင်တဲ့ သူတို့ရဲ့ အနာဂါတ်နဲ့ပတ်သက်ပြီး အပြုသဘော ပုံဖော်မှုကို ဖြစ်စေနိုင်မယ့် သိပ္ပံပညာရပ်အပေါ် ချစ်မြတ်နိုးမှုကို ပျိုးထောင်ပေးနိုင်မှာ ဖြစ်ပါတယ်။"

ဤရန်ပုံငွေထောက်ပံ့အား ရရှိရန် အရည်အချင်းပြည့်မီသော DCSD စာသင်ကျောင်းများမှာ -

- ☐ Ashford Park မူလတန်းကျောင်း
- ☐ Briar Vista မူလတန်းကျောင်း
- ☐ Coralwood စာသင်ကျောင်း
- ☐ Dunwoody မူလတန်းကျောင်း Upper Campus/Cary Reynolds မူလတန်းကျောင်း
- ☐ Fernbank မူလတန်းကျောင်း
- ☐ Globe Academy Lower Campus စာသင်ကျောင်း
- ☐ International Community School စာသင်ကျောင်း
- ☐ Laurel Ridge မူလတန်းကျောင်း
- ☐ John Robert Lewis မူလတန်းကျောင်း
- ☐ Montclair မူလတန်းကျောင်း
- ☐ Montgomery မူလတန်းကျောင်း
- ☐ Oak Grove မူလတန်းကျောင်း
- ☐ Sagamore Hills မူလတန်းကျောင်း
- ☐ Woodward မူလတန်းကျောင်း
- ☐ Druid Hills အလယ်တန်းကျောင်း
- ☐ Globe Academy Upper Campus စာသင်ကျောင်း
- ☐ Kittredge မဂ္ဂနက် စာသင်ကျောင်း
- ☐ Path Academy စာသင်ကျောင်း

ဤဂရန့်သည် တစ်ကြိမ်တည်း လှူဒါန်းမှုတစ်ခု ဖြစ်ပြီး၊ ရန်ပုံငွေများအား စက်တင်ဘာလ 2026 အမီ ခွဲဝေချအပ်ပေးသွားမည် ဖြစ်သည်။

"ဒီပထမဆုံးသော ရင်းနှီးမြှုပ်နှံမှုဟာဆိုရင် ပိုမိုခိုင်မာတဲ့ ရပ်ရွာအဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်းနဲ့ ပညာရေး လက်တွဲပူးပေါင်း လုပ်ဆောင်မှုတွေအတွက် လမ်းဖွင့်ပေးသွားမှာပဲ ဖြစ်ပါတယ်။ ကော်မရှင်အဖွဲ့ဝင် Michelle Long Spears ထံကရရှိတဲ့ ဒီလက်ဆောင် $50,000 ဟာဆိုရင် DeKalb ကောင်တီစာသင်ကျောင်းမှ ကျောင်းသားတွေ အားလုံးရဲ့ ပညာရေး ရလဒ်များနဲ့ အပြုသဘော ထိတွေ့ရင်းနှီးမှုများ ဖွံ့ ဖြိုးတိုးတက်လာစေဖို့ တက်ကြွစွာ လုပ်ဆောင်နေလျက်ရှိတဲ့ ဖောင်ဒေးရှင်းရဲ့အကြောင်း ကော်မရှင်အဖွဲ့ဝင် Lone Spears က သိရှိထားပြီး၊ ကျွန်ုပ်တို့ ဖောင်ဒေးရှင်းအပေါ် ယုံကြည်မှုရှိကြောင်း ဥပမာပြလျက်ရှိပါတယ်၊" ဟု DeKalb Schools Educational Foundation, Inc. အဖွဲ့အစည်း၏ ဘုတ်အဖွဲ့ ဥက္ကဋ္ဌဖြစ်သူ Patricia Smith မှ ဆိုသည်။

DeKalb Schools Educational Foundation, Inc. သည် 501(c)(3) အရ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး၊ ထိရောက်သော လက်တွဲပူးပေါင်းမှုများ ဖန်တီးပြုလုပ်ကာ ကျောင်းသားများအား စွယ်စုံ ပျိုးထောင်ပေးရန် နှင့် သင်ကြားပို့ချမှုများအား အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည်။ ဖောင်ဒေးရှင်းအကြောင်း နောက်ထပ် အချက်အလက်များ သိရှိလိုပါက သို့မဟုတ် ဖောင်ဒေးရှင်းသို့ ပါဝင်လှူဒါန်းလိုပါက ကျေးဇူးပြုပြီး ဝက်ဘ်ဆိုဒ်ဖြစ်သည့် ဤနေရာသို့ ဝင်ရောက်ကြည့်ရှုပါ၊ သို့မဟုတ် DeKalb Schools Educational Foundation, Inc. ၏ အမှုဆောင်ဒါရိုက်တာဖြစ်သည့် Mr. Thurman Green, III ထံ အီးမေးလ်မှတစ်ဆင့် thurman_green@dekalbschoolsga.org သို့သော်လည်းကောင်း၊ သို့မဟုတ် ဖုန်းမှတစ်ဆင့် (404) 310-3562 သို့သော်လည်းကောင်း ဆက်သွယ်ပါ။

XXX